## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၂၀)
## ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ( ၈ ) ရက်
## ( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသန္တရအမိန့်ထုတ်ပြန်ခြင်း

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ Coronavirus Disease 2019 (COVID – 19) အား ကမ္ဘာ့ကပ်ရောဂါတစ်ခုအဖြစ် သတ်မှတ်ကြော်ငြာခဲ့ပြီးဖြစ်သည့်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ မြန်မာနိုင်ငံအတွင်း (COVID–19) ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေး ယခင်ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း၊ Home Quarantine ကာလ(၇)ရက် စုစုပေါင်း(၂၈)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီးတွင် Coronavirus Disease 2019 (COVID - 19) ရောဂါထိန်းချုပ်၊ ကာကွယ်၊ တားဆီးနိုင်ရေးအတွက် ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့ နံနက် ၀၅၀၀ နာရီမှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းသို့ နေ့ချင်းပြန်လာရောက်မည့်သူများ သိရှိလိုက်နာဆောင်ရွက်ရန် ဤအသိပေး ကြေညာချက်ကို ထုတ်ပြန်လိုက်သည်–

(က) စစ်ကိုင်းတိုင်းဒေသကြီးပြင်ပ ရောဂါပိုးတွေ့ရှိသည့်ဒေသတွင် သွားရောက်နေထိုင်ခဲ့သူများဖြစ်ပါက Community Based Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန်၊

( ခ ) ရောဂါပိုးမတွေ့ရှိသည့်ဒေသတွင် သွားရောက်နေထိုင်ခဲ့ပြီး ပြန်လာသူ ဖြစ်ပါက တာဝန်ရှိသူများ၏ စစ်ဆေးမှုခံယူပြီး လိုအပ်မှသာ Community Based Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန်၊

( ဂ ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ နေ့ချင်းပြန်လာရောက်မည် ဆိုပါက သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း၊ မိမိသွားရောက်မည့် နေရာအတိအကျနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များအား စစ်ဆေးရေးဂိတ်များတွင် သတင်းပေးပို့စာရင်းပေးသွင်းသွားရန်နှင့် ပြန်လည်ထွက်ခွာချိန်၌လည်း သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များသို့ မပျက်မကွက် (မပျက်မကွက်) သတင်းပေးပို့ဆောင်ရွက်ရန်။

(ပုံ)ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ်၊ ၃/၆-၁(၁၅)(၁၄၀၄ )( COVID-19 )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

ဖြန့်ဝေခြင်း

Coronavirus Disease 2019 ( COVID-19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၊ နေပြည်တော်

Coronavirus Disease 2019 ( COVID-19 ) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ နေပြည်တော်

တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ မုံရွာမြို့

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ(အားလုံး)၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာမြို့

တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ မုံရွာမြို့

ဥက္ကဋ္ဌ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ လဟယ်မြို့
တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ(အားလုံး)
ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ(အားလုံး)

] အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ရန်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

( ဗိုလ်မှူးကြီးသန်းထွန်းအောင် )
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့